## Workshop on Output from Evaluation of Hospital Performance Indicators

## အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ကျင်းပခြင်း

၂၇-၉-၂၀၁၉ (နေပြည်တော်)

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် World Bank တို့ ပူးပေါင်းဆောင်ရွက်၍ ဗဟို အဆင့်ဆေးရုံကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ်ဆေးရုံများ၊ မြို့နယ်ဆေးရုံများ၏ ဆေးရုံ စွမ်းဆောင်ရည် အညွှန်းကိန်းရလာဒ်များ ပြန်လည်ဝေမျှခြင်း အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော် Man Myanmar Hotel ၌ (၂၆-၉-၂၀၁၉)ရက်နေ့မှ (၂၇-၉-၂၀၁၉)ရက်နေ့အထိ ကျင်းပပြုလုပ်ရာ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့်ကုသရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဦး၊ ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယ ညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ လက်ထောက်ဆရာဝန်များ၊ ဦးစီးအရာရှိ များ စုစုပေါင်း (၄၀)ဦး တက်ရောက်ခဲ့ပါသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကုသရေးဦးစီးဌာန၊ ဒေါက်တာစိုးဦး ညွှန်ကြားရေးမှူးချုပ်မှ အဖွင့်အမှာစကားပြောကြားရာတွင် ဆေးရုံလုပ်ငန်း စွမ်းဆောင်ရည်အညွှန်းကိန်းများကို ပြန်လည်ဆန်းစစ်သုံးသပ်ခြင်းသည် များစွာ အရေးကြီးပါ ကြောင်းနှင့် ဆေးရုံလုပ်ငန်းစွမ်းဆောင်ရည် အညွှန်းကိန်းရလာဒ်များကို ယခုလို ပြန်လည်ဝေမျှခြင်း သည် ကုသရေးဦးစီးဌာနလက်အောက်ရှိ သက်ဆိုင်ရာဌာနခွဲများအတွက် များစွာ အကျိုးရှိပါ ကြောင်း၊ ယနေ့အထိ ကျန်းမာရေး စောင့်ရှောက်မှုပေးလျက်ရှိသည့် ဆေးရုံပေါင်း (၁၁၅၁)ရုံရှိရာ ပြောင်းလဲပြင်ဆင်ခဲ့သည့် ၂၀၁၉ မူတွင်လည်း ဆေးရုံများ အဆင့်မြှင့်တင်ရန်အတွက် ဆေးရုံ စွမ်းဆောင်ရည် အညွှန်းကိန်းရလာဒ်များသည် အလွန်အရေးကြီးသော အခန်းကဏ္ဍတွင် ပါဝင် ပါကြောင်းနှင့် ဗဟိုအဆင့်ဆေးရုံကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်ဆေးရုံများနှင့် မြို့နယ် ဆေးရုံများမှ တင်ပြလာသော အညွှန်းကိန်းများ၏အားသာချက်/ အားနည်းချက်များကို ကုသရေး ဦးစီးဌာနအောက်ရှိ ဌာနများအားလုံးမှ ဝိုင်းဝန်း၍ ဆောင်ရွက်ပေးနိုင်သည်များကို ညှိနှိုင်း ဆောင်ရွက်ပေးစေလိုကြောင်း လမ်းညွှန် မှာကြားခဲ့ပါသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် ကုသရေးဦးစီးဌာနမှ ဒေါက်တာဝင်းရည်မွန်၊ ညွှန်ကြားရေးမှူး (စီမံကိန်း)မှ Workshop on Output from Evaluation of Hospital Performance Indicators အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်း၊ ဆေးရုံများ၏ အားသာချက်/အားနည်းချက် နှင့် စိန်ခေါ်မှုများကို ဆွေးနွေးတင်ပြခြင်း၊ စီမံကိန်းဌာနခွဲမှ တာဝန် ယူဆောင်ရွက်လျက်ရှိသော လုပ်ငန်းတာဝန်ဝတ္တရား များကို ရှင်းလင်းတင်ပြခြင်းများကိုလည်းကောင်း၊ ဒေါက်တာနေဝင်းအောင်၊ လက်ထောက် ညွှန်ကြားရေးမှူး(ဝန်ထမ်းရေးရာ)မှ e-Government & e-Health နှင့် Importance of Health Facility Registry များကိုလည်းကောင်း၊ ဆွေးနွေးတင်ပြခဲ့ကြရာ တက်ရောက်လာသော ကုသရေး ဦးစီးဌာနမှ ကိုယ်စားလှယ်များအသီးသီးက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြပါသည်။

အလုပ်ရုံဆွေးနွေးပွဲကို ညနေ (၄:၃၀)နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

**Objectives of Workshop**

(1) To disseminate output from evaluation of hospital performance indicators

(2) To share the informations and terms of references about the planning division.